အတိရေကလာဘံ၊ ပိဏ္ဍိယာလောပ **ဘောဇနမှ** အပို အလွန်ဖြစ်သော လာဘ်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ **ပတ္တပိဏ္ဍိ-ကင်္ဂံ၊ အပေါင်းအာမိသ၏** သပိတ်၌ ကျခြင်းကို ရှာလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ ဝါ၊ ဆွမ်းအလို့ငှါ သွားလာ လှည့်လည်ခြင်း အကျင့်ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို။ သမာဒိ-ယာမိ၊ ၏။ ဝါ၊ ၏။ [စိတ်၌ စွဲမြဲစွာယူထားသော စေတနာကို "သမာဒါနစေတနာ"ဟု ဆိုသည်။]

## ၄–သပဒါန ဓုတင်

လောလုပ္ပစာရံ ပဋိက္ခိပါမိ၊
သပဒါနစာရိကင်္ဂံ သမာဒိယာမိ။

လောလုပ္ပစာရံ၊ အိမ်စဉ်ဖြတ်ကျော် လျှပ်ပေါ်သော သွားခြင်းကို။ ပဋိက္ခိပါမိ၊ပယ်ပါ၏။ သပဒါနစာရိကင်္ဂံ၊ မလျှပ်မပေါ် မဖြတ်ကျော်ဘဲ အိမ်စဉ် ဆွမ်းရပ်ခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို။ သမာဒိ-ယာမိ၊ ၏။ ဝါ၊ ၏။

## ၅–ဧကာသနိက် ဓုတင်

နာနာသနဘောဇနံ ပဋိက္ခိပါမိ၊
ဧကာသနိကင်္ဂံ သမာဒိယာမိ။

နာနာသနဘောဇနံ၊ ယာပိုထ်မတည် လှည့်လည် ပြောင်းကူး အထူးထူးသောနေရာ၌စားခြင်းကို။ ပဋိက္ခိပါမိ၊ပယ်ပါ၏။ **ဧကာသနိကင်္ဂံ၊**မိဋ္ဌာန်ဆောက်စိုက် ယာပိုထ်မလည်း တနေရာ